# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းထုတ်ခြင်း အကြောင်းသိကောင်းစရာ

Government of South Australia
Department for Education

Burmese / မြန်မာ

ကျောင်းထုတ်ခြင်းဆိုသည်မှာ ကျောင်းအသိုက်အဝန်းဝင်များ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ကောင်းကျိုးအပေါ် စီမံခန့်ခွဲ၍ မရနိုင်လောက်အောင် အန္တရာယ်ကျရောက်စေမည့် အပြုအမူအား အရှည်ကြာဆုံးနှင့် အပြင်းထန်ဆုံး တုံ့ပြန်မှုဖြစ်ပါသည်။

အကယ်၍ ကျောင်းသားတစ်ဦးမှာ မိမိကျောင်းမှ ကျောင်းထုတ်ခံရသည့်အခါ ၆ လမှ ၁၈ လ အကြားကာလ ကျောင်းမတက်ရဟု ဆိုလိုသည်။ ကျောင်းအုပ်ကြီး သို့မဟုတ် ကျောင်းအုပ်ကြီးကိုယ်စား ဆောင်ရွက်သူတစ်ဦးဦးက ဤဆုံးဖြတ်ချက်ကို ချမှတ်သည်။

အကယ်၍ အစိုးရကျောင်း အားလုံးမှ ကျောင်းထုတ်ခြင်းဖြစ်ပါက ကျောင်းသားသည် ၁၂ လနှင့် ၅ နှစ်အကြားကာလတွင် မည်သည့်အစိုးရကျောင်းကိုမျှ မတက်နိုင်ဟု ဆိုလိုသည်။ ပညာရေးဌာန၊ အလုပ်အမှုဆောင် အဖွဲ့ဥက္ကဋ္ဌက ဤဆုံးဖြတ်ချက်များကို ချမှတ်သည်။

အသက် ၁၆ နှစ် သို့မဟုတ် အထက် အရွယ် ကျောင်းသားများကိုသာ ကျောင်းထုတ်နိုင်ပါသည်။

## အကယ်၍ ကျွန်ုပ်ကလေးအား ကျောင်းထုတ်လိုက်လျှင် ဘာလုပ်သင့်သနည်း

ကျောင်းအုပ်ကြီးအနေဖြင့် ကျောင်းထုတ်ခြင်း မလုပ်မီ သင့်ကလေးအား ရက် ၂၀ ကျောင်းတက်ခြင်းမှ ဦးစွာ ဆိုင်းငံ့ထားရမည်။ ၎င်းကို ‘ကျောင်းထုတ်ရန် ဆုံးဖြတ်ချက်မချမီ ဆိုင်းငံ့ခြင်း’ ဟုခေါ်ပါသည်။

အကယ်၍ ကျောင်းအုပ်ကြီးက အစိုးရကျောင်းအားလုံးမှ သင့်ကလေးအား ကျောင်းထုတ်ရန် အလုပ်အမှုဆောင်အဖွဲ့ဥက္ကဋ္ဌအနေဖြင့် စဉ်းစားပေးစေလိုလျှင် သင့်ကလေးအား ရက်ပေါင်း ၃၀ ကျောင်းတက်ခြင်းမှ ဦးစွာဆိုင်းငံ့ထားရမည်။

ရက် ၂၀ အတွင်း သို့မဟုတ် ရက် ၃၀ အတွင်း ‘ကြားနာရန် စည်းဝေးပွဲ’ ကို ကျင်းပပေးပါမည် ထို့ကြောင့်-

- သင် ၊ သင့်ကလေး နှင့် ကျောင်းသည် အကြောင်းခံအချက်အလက် အားလုံးနှင့် လူတိုင်း၏ အမြင်သဘောထားကို ကြားနာသိရှိနိုင်ပါမည်
- ဆုံးဖြတ်ချက်များကို စိုးရိမ်ရသည့်အပြုအမူအား အကောင်းဆုံးဖြေရှင်းပေးရန်နည်းလမ်းနှင့်ပတ်သက်ပြီး ချမှတ်ပေးနိုင်ပါသည်။

သင့်ကလေးအား ကျောင်းထုတ်ခြင်းအတွက် အဘယ်ကြောင့် ကျောင်းအုပ်ကြီးက ဆင်ခြင်သုံးသပ်သည်ကို သင့်အား ရှင်းပြရန်နှင့် ဖြစ်ပျက်ခဲ့သည့် အကြောင်းချင်းရာကို ပြောပြရန် ကျောင်းသည် သင့်အား ဆက်သွယ်ပါမည်။

အဖြစ်အပျက် အလုံးစုံကို နားထောင်ရန်နှင့် ကျောင်းနှင့်သင့်ကလေး ပူးပေါင်းလုပ်ဆောင်ရန် အမြဲအားဖြင့် အရေးကြီးပါသည်။ ဤသို့ဖြင့် အထောက်အကူပြုနိုင်သည်မှာ -

- စိတ်တည်ငြိမ်အောင်ထားရန်
- ဖြစ်ပျက်ခဲ့သည့်အကြောင်းကို သင့်ကလေးနှင့်ပြောဆိုရန်
- ဖြစ်ပျက်ခဲ့သည့်အကြောင်းကို ကျောင်းနှင့်ပြောဆိုရန်

ကြားနာရန် စည်းဝေးပွဲကို ကြိုတင်ပြင်ဆင်ရန်အတွက် ကျောင်းနှင့် သင့်ကလေး အတူ ပူးပေါင်းလုပ်ကိုင်ရန် (ကြားနာရန် စည်းဝေးပွဲ အကြောင်း အချက်အလက်ကို စာမျက်နှာ ၂ တွင်ကြည့်ပါ)။

## ကျောင်းအုပ်ကြီးများအနေဖြင့် အဘယ်ကြောင့် ကျောင်း ထုတ်ခြင်းကို ဆင်ခြင်သုံးသပ်နိုင်သည့် အကြောင်းရင်းများ

ကျောင်းထုတ်ခြင်းမှာ ချမှတ်ပေးနိုင်သည့် အပြင်းထန်ဆုံး တုံ့ပြန်မှုဖြစ်ပါသည်။

ကျောင်းထုတ်ခြင်းကို ကျောင်းအသိုက်အဝန်းဝင်များ၏ ကျန်းမာရေး၊ လုံခြုံရေးနှင့် ကောင်းကျိုးအပေါ် စီမံခန့်ခွဲ၍ မရနိုင်လောက်အောင် အန္တရာယ်ကျရောက်စေမည့် အပြုအမူရှိသည့် အနေအထားမျိုး၌သာ အသုံးပြုပါသည်။

## ဖြစ်ပျက်ခဲ့သည့် အကြောင်းချင်းရာကို စုဆောင်းခြင်း

ဖြစ်ပျက်ခဲ့သည်ကို ကျောင်းအုပ်ကြီး နားလည်စေမည့် အကြောင်းချင်းရာကို ကျောင်းက စုဆောင်းပါမည်။

သင့်ကလေး၏ သဘောထားအမြင်ကိုလည်း ၎င်းတို့က စူးစမ်းပါမည်။

ဖြစ်ပျက်ခဲ့သည်နှင့်ပတ်သက်၍ သင့်ကလေး၏ ယူဆချက်အမြင်ကို မည်သည့်အချိန်အခါနှင့် မည်သို့ ပြောပြနိုင်သည်ကို ကျောင်းအနေဖြင့် အကောင်းဆုံး အဆင်ပြေသလို ဆောင်ရွက်ပါမည်။

# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းထုတ်ခြင်း အကြောင်းသိကောင်းစရာ

## ကျောင်းအုပ်ကြီးက ဆုံးဖြတ်ချက် ချမှတ်ပုံ

ကျောင်းအုပ်ကြီးသည် မျှတသော ဆုံးဖြတ်ချက်ကို ချမှတ်ရမည်။ ဆုံးဖြတ်ချက်ကို မချမှတ်မီ ကျောင်းအုပ်ကြီးအနေဖြင့် အရာအများအပြားကို ထည့်သွင်းစဥ်းစားရန်လိုအပ်ပါသည်။ ဥပမာ-

- အခြားသူများထံမှ အကြောင်းအချက်အလက်များ
- သင့်ကလေး၏ သဘောထားအမြင်
- အပြုအမူ၏ ပြင်းထန်မှုနှင့် မည်မျှအကြိမ်ရေ ဖြစ်ပျက်မှု
- သင့်ကလေး၏ လိုအပ်ချက်များနှင့် လုံခြုံစွာနှင့်ကောင်းမွန်စွာပြုမူရန်အတွက် ၎င်းအား ပံ့ပိုးပေးထားသည့် ပံ့ပိုးမှု။

## ဥပဒေက ပြဋ္ဌာန်းထားသည့်အရာ

ဥပဒေ (ပညာရေးနှင့် ကလေးများ ဝန်ဆောင်မှု အက်ဥပဒေ ၂၀၁၉ (Education and Children’s Services Act 2019)) ကပြဋ္ဌာန်းထားသည်မှာ ကျောင်းအုပ်ကြီးအနေဖြင့် ကျောင်းသားက အောက်ပါကိစ္စကို ပြုမူသည်ဟု ယုံကြည်လျှင် ကျောင်းထုတ်နိုင်သည်ဟု ဆိုသည်-

- အကြမ်းဖက်ခြင်း သို့မဟုတ် အကြမ်းဖက်ရန် ခြိမ်းခြောက်ခြင်း
- ကျောင်းသား၊ ကျောင်းဝန်ထမ်း သို့မဟုတ် ကျောင်းနှင့်စပ်လျဥ်းသည့် အခြားသူတစ်ဦး၏ လုံခြုံရေး သို့မဟုတ် သာယာဝပြောရေးကို ခြိမ်းခြောက်သည့်နည်းလမ်းဖြင့် ပြုမူခြင်း (ဥပမာ၊ နိုင်ထက်စီးနင်းခြင်း၊ လိင်ပိုင်းနှောင့်ယှက်ခြင်း၊ နှုတ်ဖြင့် ဆဲဆိုခြင်း၊ လူမျိုးရေးနှိပ်စက်ခြင်း)
- ဥပဒေနှင့်ဆန့်ကျင်၍ ပြုမူလုပ်ဆောင်ခြင်း
- ပညာသင်ကြားရေးနှင့် သင်ယူရေးကို နှောင့်ယှက်ခြင်း။

ဥပဒေ (ပညာရေးနှင့် ကလေးများ ဝန်ဆောင်မှု အက်ဥပဒေ ၂၀၁၉ (Education and Children’s Services Act 2019)) ကပြဋ္ဌာန်းထားသည်မှာ အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌအနေဖြင့် ကျောင်းသားက အောက်ပါကိစ္စကို ပြုမူသည်ဟု ယုံကြည်လျှင် အစိုးရကျောင်းအားလုံးမှ ကျောင်းထုတ်နိုင်သည်ဟု ဆိုသည်-

- အကြမ်းဖက်ခြင်း သို့မဟုတ် အကြမ်းဖက်ရန် ခြိမ်းခြောက်ခြင်း
- ကျောင်းသား၊ ကျောင်းဝန်ထမ်း သို့မဟုတ် ကျောင်းနှင့်စပ်လျဥ်းသည့် အခြားသူတစ်ဦး၏ လုံခြုံရေး သို့မဟုတ် သာယာဝပြောရေးကို ခြိမ်းခြောက်သည့်နည်းလမ်းဖြင့် ပြုမူခြင်း (ဥပမာ၊ နိုင်ထက်စီးနင်းခြင်း၊ လိင်ပိုင်းနှောင့်ယှက်ခြင်း၊ နှုတ်ဖြင့် ဆဲဆိုခြင်း၊ လူမျိုးရေးနှိပ်စက်ခြင်း)
- ဥပဒေနှင့်ဆန့်ကျင်၍ ပြုမူလုပ်ဆောင်ခြင်း

## သင့်အား ကျောင်းက ဆက်သွယ်ပါမည်

ကျောင်းအုပ်ကြီး သို့မဟုတ် ကျောင်းအုပ်ကြီးကိုယ်စား ဆောင်ရွက်သည့် ဝန်ထမ်းတစ်ဦးသည် ကြားနာခြင်း မဆောင်ရွက်မီ သင့်ကလေးအား ကျောင်းတက်ခြင်းမှ ဆိုင်းငံ့ထားမည့်အမိန့်ချမှတ်ပြီးနောက် သင့်အား အမြန်ဆုံး ဆက်သွယ်ပါမည်။

သူတို့သည် သင်နှင့်သင့်ကလေးနှင့်အတူ အောက်ပါအကြောင်းကို ပြောဆိုပါမည်-

- ကျောင်းအုပ်ကြီးများအနေဖြင့် ကျောင်းထုတ်ခြင်းကို ဆင်ခြင်သုံးသပ်နိုင်သည့် အကြောင်းရင်းများ
- ကြားနာခြင်း မပြုမီ ဆိုင်းငံ့ထားမည့် ကာလ အတိုင်းအတာ (၂၀ ရက်မှ ၃၀ ရက်အထိ)
- ကျောင်းမှဆိုင်းငံ့ထားသည့် ကာလအတွင်း သင့်ကလေးသည် ကျောင်းဝင်းအတွင်း မလာရောက်နိုင်ပါ
- ကျောင်းသည် စာဖြင့်ရေးသားထားသည့် စာတစ်စောင်နှင့် ဤအချက်အလက်စာစောင်ကို သင့်အား ပေးပါမည်
- ကြားနားရန် စည်းဝေးပွဲတွင် ဘာဖြစ်မည်၊ ဥပမာ- မည်သူတက်ရောက်မည်
- သင့်အနေဖြင့် ပံ့ပိုးပေးသူတစ်ဦး သို့မဟုတ် ကိုယ်စားပြုဆောင်ရွက်ပေးသူတစ်ဦးကို ကြားနာမည့် စည်းဝေးပွဲသို့ ခေါ်ဆောင်လာနိုင်သည် ကျောင်းအနေဖြင့်လည်း သင်လိုလားလျှင် ကျောင်းမှကိုယ်စားပြုဆောင်ရွက်ပေးသူတစ်ဦးကို သင့်အတွက် ဆောင်ရွက်ပေးနိုင်ပါသည်။
- ကြားနာမည့် စည်းဝေးပွဲ မတိုင်မီ သင်နှင့် သင့်ကလေးကို ကျောင်းဝန်ထမ်းတစ်ဦးက ဆက်သွယ်ပါမည်။

## ကျောင်းမှ ကိုယ်စားပြုဆောင်ရွက်ပေးသူ

ကျောင်းမှ ကိုယ်စားပြုဆောင်ရွက်ပေးသူတစ်ဦးသည် သင့်ကလေးကျောင်း၏ ဝန်ထမ်းတစ်ဦးဖြစ်ပါသည်။ အဆိုပါလူက လုပ်ပေးနိုင်သည်မှာ-

- သင်နှင့်သင့်ကလေး ကြားနာမည့် စည်းဝေးပွဲသို့ တက်ရောက်ရန် ကူညီပေးသည်
- သင်နှင့် သင့်ကလေး၏ သဘောထားအမြင်များကို ကြားနာမည့် စည်းဝေးပွဲသို့ တင်ပြပေးသည်
- သင်နှင့် သင့်ကလေး ထင်မြင်ယူဆသည့်အရာကို ကြားနာမည့် စည်းဝေးပွဲရှိ လူများအား ပြောပြပေးသည်
- ကြားနာမည့် စည်းဝေးပွဲက ကလေးအတွက် အကောင်းဆုံးအရာအပေါ် အာရုံစိုက်ပေးစေရန် ကူညီပေးသည်
- ချမှတ်ထားသည့် ဆုံးဖြတ်ချက်များ၊ နောက်ထပ် ဘာဖြစ်မည်နှင့် အကယ်၍ သင့်ကလေးအား ကျောင်းထုတ်လိုက်ပါက အယူခံဝင်ရန် သင်၏ အခွင့်အရေးများကို နားလည်စေရန် သင့်အား ကူညီပေးမည်
- သင့်ကလေးအား ဆိုင်းငံ့ထားစဥ် သင့်ကလေးအား ကျောင်းနှင့်ဆက်သွယ်နေစေရန် ကူညီပေးမည်
- ကျောင်းထုတ်ကာလ ပြီးဆုံးချိန်၌ ကျောင်းနှင့်ပြန်လည်ဆက်သွယ်ရန် သင့်ကလေးအား ကူညီပေးမည်။

## ကြားနာခြင်း မပြုလုပ်မီ ဆိုင်းငံ့ထားခြင်း

သင့်ကလေးသည် အိမ်၌ သင်၏စောင့်ရှောက်မှုအောက်တွင် နေရပါမည်။ ဤဆိုင်းငံ့ထားစဥ်ကာလအတွင်း ကျောင်းသည် သင့်ကလေးအား ကျောင်းစာများ ပေးမည် မဟုတ်ပါ။

အကယ်၍ သင့်ကလေးအတွက် အကျိုးရှိမည်ဆိုလျှင် ကျောင်းစာပေးရန် ကျောင်းက ဆုံးဖြတ်နိုင်သည်။

## ကြားနာမည့် စည်းဝေးပွဲ

ကြားနာမည့် စည်းဝေးပွဲကို အောက်ပါတို့ဖြင့် စည်းဝေးပါမည်-

- သင်
- သင့်ကလေး
- ကျောင်းဝန်ထမ်း
- ကျောင်းသား ပံ့ပိုးရေး ဝန်ဆောင်မှုများ သို့မဟုတ် အဘိုရင်ဂျင်နယ် ပညာရေး ဝန်ဆောင်မှုများမှ ပညာရေးဝန်ထမ်း

# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းထုတ်ခြင်း အကြောင်းသိကောင်းစရာ

## ကြားနာမည့် စည်းဝေးပွဲ မတိုင်မီ ကျောင်းအုပ်ကြီးက ဆင်ခြင်သုံးသပ်မည်မှာ -

- သင့်ကလေးအား အထောက်အကူပြုနိုင်မည့်ဝန်ဆောင်မှုများ အကယ်၍ ကျောင်းမှ ပညာရေးဌာန၊ အခြား အစိုးရ ဌာနများ သို့မဟုတ် လူထုလူတန်းစား အခြေခံ အဖွဲ့အစည်းများမှ ဝန်ဆောင်မှုဌာနများကို ကြားနာမည့် စည်းဝေးပွဲသို့ ဖိတ်ခေါ်လိုပါက သင့်ခွင့်ပြုချက်ကို တောင်းခံပါလိမ့်မည်။
  ကျောင်းအုပ်ကြီးက အဘိုရင်ဂျင်နယ် ကျောင်းသားများ၊ မသန်စွမ်းသူကျောင်းသားများနှင့် စောင့်ရှောက်မှုအောက်ရှိ ကျောင်းသားများကို ကျောင်းထုတ်ရန် အောက်ပါကို ဆင်ခြင်သုံးသပ်သည့်အခါ ကျောင်းသား ပံ့ပိုးရေး ဝန်ဆောင်မှုများသည် ကြားနာမည့် စည်းဝေးပွဲကို တက်ရောက်ရမည်-
- သင့်ကလေး၏ အသက်အရွယ်ကိုမူတည်၍ ပညာရေးဆိုင်ရာ သို့မဟုတ် လေ့ကျင့်သင်တန်းဆိုင်ရာ လမ်းကြောင်းများ
- ကြားနာမည့် စည်းဝေးပွဲသို့ တက်ရောက်မည့်လူတိုင်းအား အထောက်အကူပြုမည့်အရာ- ဥပမာ- အကယ်၍ စကားပြန် လို/မလို။

## ကြားနာမည့် စည်းဝေးပွဲ၌ သင်နှင့်သင့်ကလေးတွင် အောက်ပါ အခွင့်အလမ်းကို ရရှိပါမည်-

- ကျောင်းမှ စိုးရိမ်သည့် အပြုအမူကို ကြားနာရန်
- အဆိုပါ စိုးရိမ်မှုများကို တုံ့ပြန်ရန်
- အကယ်၍ ကျောင်းထုတ်ရန် ဆုံးဖြတ်သည့်အခါ သင့်အနေဖြင့် ကျောင်းအုပ်ကြီးက ထည့်သွင်းဆင်ခြင်သုံးသပ်ပေးစေလိုသည့် အခြား အချက်အလက်များကို တင်ပြရန်
- အပြုမူကြောင့် ဖြစ်ပွားနိုင်သည့် ထိခိုက်နစ်နာမှုကို သင့်ကလေးအနေဖြင့် မည်သို့ ပြုပြင်ပေးနိုင်ကြောင်း ဆွေးနွေးရန် ဖြစ်သည်။

ယင်းနောက် ကျောင်းအုပ်ကြီးက ဆုံးဖြတ်နိုင်သည်မှာ -

- ကျောင်းမှ သင့်ကလေးအား ထုတ်ပစ်ရန်
- သင့်ကလေးအား အလုပ်အမှုဆောင် အဖွဲ့ ဥက္ကဌက အစိုးရကျောင်းအားလုံးမှ ထုတ်ပစ်ရန်အတွက် အကြံပြုရန်။

အကယ်၍ ကျောင်းအုပ်ကြီးက သင့်ကလေးအား ကျောင်းထုတ်ရန် ဆုံးဖြတ်ပါက သင့်ကလေးအား ၄ ပတ်မှ ၁၀ ပတ်ကြား ကာလ ထုတ်ပစ်ရန် ဆုံးဖြတ်နိုင်သည်။ သင့်အနေဖြင့် ကျောင်းထုတ်ခြင်းအကြောင်း [မိဘများနှင့်စောင့်ရှောက်သူများအတွက် ကျောင်းထုတ်ခြင်းဆိုင်ရာ အချက်အလက်စာစောင်တွင် ပိုမိုသိရှိနိုင်ပါသည်။]

အကယ်၍ ကျောင်းအုပ်ကြီးက သင့်ကလေးအား ကျောင်းမထုတ်ပါက သင့်ကလေးသည် ဆိုင်းငံ့ခြင်းကာလကုန်ဆုံးချိန်၌ ကျောင်းသို့ ပြန်လာနိုင်သည်။

အပြုမူ သွန်သင်ရေးပံ့ပိုးမှု အစီစဉ်ကို သင်နှင့် သင့်ကလေးနှင့်အတူ ရေးဆွဲပေးပါမည်။

## အပြုအမူ ပံ့ပိုးရေး အစီအစဉ်

သင့်ကလေး၏ လုံခြုံပြီး အပြုသဘောဆောင်သော အပြုအမူကို ပံ့ပိုးပေးရန်အတွက် အပြုအမူ ပံ့ပိုးရေး အစီအစဉ်တစ်ရပ်ကို ရေးဆွဲပေးပါမည်။ အစီအစဉ်တွင် ပါဝင်သင့်သည်မှာ-

- လုံခြုံပြီး အပြုသဘောဆောင်သည့် အပြုအမူအတွက် သင့်ကလေး လိုအပ်သည့် ကျွမ်းကျင်မှုများ
- ဤကျွမ်းကျင်မှုများကို သင့်ကလေး လေ့လာဆည်းပူးပုံနှင့် ကူညီပေးမည့်သူများ
- သင့်ကလေး ကျွမ်းကျင်မှုများကို လေ့လာဆည်းပူးနေစဉ်နှင့် လေ့ကျင့်နေစဉ် အစစအရာရာ ဘေးကင်းပြီး ကောင်းမွန်နေနိုင်ပုံ
- သင့်ကလေး တိုးတက်လာနေကြောင်းကို လူတိုင်းက သိရှိမည့်နည်းလမ်း
- အနာဂတ်ကာလ၌ သင့်ကလေး၏ အပြုအမူနှင့်ပတ်သက်၍ စိုးရိမ်စရာ ဖြစ်လာလျှင် သင့်ကလေးအား ပံ့ပိုးပေးမည့်နည်းလမ်း
- လူတိုင်း၏ အခန်းကဏ္ဍတို့ဖြစ်ကြသည်။

အကယ်၍ သင့်ကလေးတွင် အစီအစဉ် တစ်ခု (One Plan) ရှိပြီးဖြစ်လျှင် အပြုအမူ ပံ့ပိုးရေး အစီအစဉ်ကို အဆိုပါ အစီအစဉ်တွင် ထည့်သွင်းပေးနိုင်သည်။

## ကျောင်းထုတ်လိုက်သည့် ကာလအတွင်း

အကယ်၍ သင့်ကလေးသည် ကျောင်းထုတ်ခံရပြီး အသက် ၁၇ နှစ်အောက်ဖြစ်ပါက မဖြစ်မနေ ပညာသင်ကြားရေး သတ်မှတ်ချက်များနှင့် ကိုက်ညီစေမည့် ပညာသင်ယူရေးနည်းလမ်းများဖြင့် သူ့အား ပံ့ပိုးပေးပါလိမ့်မည်။

အကယ်၍ သင့်ကလေးသည် မဖြစ်မနေ ပညာသင်ကြားရမည့် အသက်အအရွယ် (၁၇ နှစ်နှင့်အထက်) ကျော်ဖြစ်ပါက ပညာသင်ယူရေးနည်းလမ်းများကို ကျောင်းအုပ်ကြီးက ဆောင်ရွက်ပေးနိုင်မည် မဟုတ်ပါ။

သင်နှင့်သင့်ကလေးအား ပံ့ပိုးမည့် အခြားသော ပညာရေးနှင့် လမ်းကြောင်းများအကြောင်း သင်နှင့်သင့်ကလေးအဖို့ ဆုံးဖြတ်ရာ၌ အထောက်အကူပြုစေရန် သတင်းအချက်အလက်များကို ပေးပါလိမ့်မည်။

အကယ်၍ သင့်ကလေးအား ကျောင်းမှ ထုတ်ပစ်ပြီး အသက် ၁၇ နှစ်ဖြစ်ပါက ကျောင်းအုပ်ကြီးသည် ကျောင်းအပ်ထားခြင်းကို ပယ်ဖျက်လိုက်နိုင်သည်။

အကယ်၍ သင့်ကလေးအား အစိုးရကျောင်း အားလုံးမှ ထုတ်ပစ်လိုက်ပါက သူ၏ ကျောင်းအပ်ထားခြင်းကို ပယ်ဖျက်လိုက်ပါမည်။

ကျောင်းထုတ်ကာလ အဆုံးသတ်ချိန်၌ အကယ်၍ သင့်ကလေးသည် အသက် ၁၈ နှစ် သို့မဟုတ် အထက်ဖြစ်ပါက အရွယ်ရောက်သူ ပညာရေး နည်းလမ်းများကို သင်ယူနိုင်ပါသည်။

သင့်အနေဖြင့် ဤသတင်းအချက်အလက်ကို ပညာရေးဌာန ဝက်ဘ်ဆိုက်- https://www.education.sa.gov.au/ တွင် 'Adult Enrolment Policy' ရှာကြည့်နိုင်သည်။

# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းထုတ်ခြင်း အကြောင်းသိကောင်းစရာ

## ကျောင်းထုတ်ပြီးနောက် ကျောင်းနှင့်ပြန်ဆက်သွယ်ခြင်း

ကျောင်းထုတ်ကာလ ကုန်ဆုံးပြီးနောက် သင့်ကလေးသည် ကျောင်းနှင့် ပြန်ဆက်သွယ်နိုင်ပါသည်။ ၎င်းမှာ သင့်ကလေးအား မည်မျှကြာကြာ ကျောင်းထုတ်ခြင်းနှင့် အသက်အရွယ်ပေါ် မူတည်ပါသည်။

ကျောင်းနှင့်ပြန်ဆက်သွယ်မည့် ဖြစ်နိုင်ခြေနှင့်ပတ်သက်၍ ပြောဆိုရန်အတွက် ကျောင်းထုတ်ကာလ မကုန်ဆုံးမီ ၈ ပတ်တွင် သင့်ကလေးကျောင်း၏ ကျောင်းအုပ်ဆရာကြီးနှင့် သင်နှင့်သင့်ကလေး ဆက်သွယ်ရန်လိုအပ်ပါမည်။

အကယ်၍ ကျောင်းအုပ်ဆရာကြီးက သင့်ကလေး ကျောင်းပြန်တက်ခြင်းမှာ ဖြစ်နိုင်သည်ဟု ဆုံးဖြတ်လျှင် အောက်ပါကိစ္စဆောင်ရွက်ရန် ပြန်ဆက်သွယ်မည့် စည်းဝေးပွဲကို ကျင်းပပေးပါမည်-

- ကောင်းသော အပြုအမူ ပြောင်းလဲရေးကို ပံ့ပိုးပေးရန်
- အပြုအမူကြောင့် ထိခိုက်ခဲ့သည့် ဆက်ဆံရေးများကို ပြန်ပြုပြင်ပေးရန်
- အပြုအမူ ပံ့ပိုးရေး အစီအစဉ် သို့မဟုတ် အစီအစဉ်တစ်ခု (One Plan) ကို ပြန်လည်သုံးသပ်ရန်
- မျှော်လင့်ထားသည့် အပြုအမူကို သင့်ကလေးနားလည်ရန်အတွက် ကူညီပေးရန်
- သင့်ကလေးအား အထောက်အကူပြုမည့် ပံ့ပိုးမှုများကို ဖော်ထုတ်ရန်တို့ဖြစ်သည်။

သင့်ကလေး ကျောင်းပြန်မတက်မီ ကျောင်းနှင့်ပြန်ဆက်သွယ်မည့် စည်းဝေးပွဲကို အကယ်၍ သင် မတက်ရောက်နိုင်ပါက-

- စည်းဝေးပွဲ လုပ်နိုင်သည့်အချိန်တိုင်အောင် အစီအစဉ် နောက်တစ်နည်းအတွက် သင့်ကလေး ကျောင်းပြန်တက်ပါမည်

သို့မဟုတ်

- အပြုအမူ ပံ့ပိုးရေး အစီအစဉ်ကို အခြား နည်းတစ်နည်းနည်းဖြင့် အသစ်ရေးဆွဲပါမည်။

သင်အဆင်ပြေသည့် နေ့ရက်နှင့် အချိန်တွင် ပြန်ဆက်သွယ်မည့် စည်းဝေးပွဲကို ကျောင်းက စီစဉ်ပေးပါမည်။ အကယ်၍ သင် ပြန်ဆက်သွယ်မည့် စည်းဝေးပွဲကို တက်ရောက်ရန် ငြင်းဆိုလျှင် သို့မဟုတ် သင် မတက်ရောက်နိုင်လျှင် သင့်ကလေး၏ ပညာသင်ယူရေး အစီအစဉ်နှင့် အပြုအမူ ပံ့ပိုးရေးကို သင် မပါဝင်ဘဲ ဆုံးဖြတ်ချက်ချမှတ်နိုင်သည်။

## အရေးကြီးသော အခြား သတင်းအချက်အလက်များ

### အလားတူ အပြုအမူအတွက် ကလေးများကို ကွဲပြားခြားနားစွာ လုပ်ဆောင်ပေးနိုင်သည်

ကျောင်းသား၏ အပြုအမူအပေါ် အကောင်းဆုံး တုံ့ပြန်မှုနှင့်ပတ်သက်၍ ကျောင်းအုပ်ကြီးက ဆင်ခြင်သုံးသပ်သည့်အခါ အရာရာတိုင်းကို ကြည့်ရှုပြီး ကျောင်းသား၏ ပါဝင်ပတ်သက်မှုကို ထည့်သွင်းစဉ်းစားရန် လိုပါသည်။ ကလေးနှစ်ဦးမှာ အလားတူ ပြုမူခဲ့နိုင်သည် သို့သော် ကလေးတစ်ဦးစီကို မတူကွဲပြားစွာ လုပ်ဆောင်ပေးခြင်းမှာ မျှတနိုင်ပါသည်။ ဥပမာ- ကလေး ၂ ဦး ခိုက်ရန်ဖြစ်ပွားခဲ့လျှင် ၁ ဦးကို ကျောင်းထုတ်နိုင်သည် သို့မဟုတ် ကျောင်းမှဖယ်ရှားနိုင်သည် အခြား တစ်ယောက်ကို ထိုသို့မလုပ်ပါ။

### ကျောင်းတွင် ဖြစ်ပွားခြင်းမရှိသည့် အပြုအမူ

ကျောင်းချိန်ပြင်ပနှင့် ကျောင်းပရဝုန်ပြင်ပ၌ ဖြစ်ပွားခဲ့သော အပြုအမူအတွက် အကယ်၍ သင့်ကလေး၏ အပြုအမူနှင့် ကျောင်း သို့မဟုတ် ကျောင်းဆက်ဆံရေးများအကြား သင့်တင့်လျောက်ပတ်သော အဆက်အစပ်ရှိပါက သင့်ကလေးကို ကျောင်းထုတ်နိုင်ပါသည်။

### သင့်ကလေးသည် ၎င်းအား ဆိုင်းငံ့ထားစဉ် သို့မဟုတ် ကျောင်းမှဖယ်ရှားထားစဉ် ကျောင်းပရဝုန်အတွင်း မနေနိုင်ပါ

သင့်ကလေးသည် ၎င်းအား ဆိုင်းငံ့ထားစဉ် ၊ ကျောင်းမှဖယ်ရှားထားစဉ် သို့မဟုတ် ကျောင်းထုတ်ထားစဉ် ကျောင်းပရဝုန်အတွင်း နေခြင်းမှာ ဥပဒေနှင့်ဆန့်ကျင်သည်။ အကယ်၍ သင့်ကလေး ကျောင်းပရဝုန်အတွင်း လာရောက်ပါက ၎င်းသည် ရာဇဝတ်မှု ကျူးလွန်သည်။

သင့်ကလေးသည် ကြားနာရန် စည်းဝေးပွဲနှင့် ပြန်ဆက်သွယ်မည့် စည်းဝေးပွဲ တက်ရောက်ရန် ကျောင်းပရဝုန်အတွင်း လာရောက်နိုင်သည်။

အကယ်၍ ကျောင်းပရဝုန်တွင်း လာရောက်ရန် သင့်ကလေးတွင် အခြား ကောင်းသော အကြောင်းရင်းများရှိပါက၊ ဥပမာ-

- ကျောင်းပရဝုန်အတွင်း ဆောင်ရွက်ပေးမည့် ဝန်ဆောင်မှုများကို ရယူရန်
- သဘောတူထားသည့် ပညာသင်ယူရေး အစီအစဉ် နောက်တစ်နည်းကို တက်ရောက်ရန်

ကျောင်းအုပ်ဆရာကြီးသည် ဤကိစ္စကို စာဖြင့် အတည်ပြုပေးနိုင်သည်။

### အခြားကျောင်းတွင် အပ်နှံခြင်း

သင်သည် သင့်ကလေးအား ကျောင်းထုတ်ထားစဉ် အခြားကျောင်းတစ်ကျောင်း၌ အပ်နှံ၍ မရနိုင်ပါ။ သူတို့သည် ကျောင်းထုတ်ကာလ ကုန်ဆုံးပြီးနောက် ကျောင်းသစ်တစ်ကျောင်းတွင် အပ်နိုင်သည်။ လက်ရှိ ကျောင်းအုပ်ကြီးနှင့် ကျောင်းသစ်ကျောင်းအုပ်ကြီးတို့သည် သင့်ကလေး၏ အပြုအမူအကြောင်း ပြောဆိုကြမည်ဖြစ်ပြီး အပြုအမူ ပံ့ပိုးရေး အစီအစဉ်တစ်ရပ်ကို ပူးပေါင်း၍ရေးဆွဲပါလိမ့်မည်။

ကျောင်း၊ သင်နှင့်သင့်ကလေးတို့နှင့်အတူ ရေးဆွဲပါလိမ့်မည်။

### အကယ်၍ သင်သည် သင့်ကလေးအား ကျောင်းထုတ်သည့် ကျောင်းအုပ်ကြီး၏ ဆုံးဖြတ်ချက်ကို မကျေနပ်ပါက

သင် ၊ သင့်ကလေး သို့မဟုတ် သင့်တောင်းဆိုချက်အရ သို့မဟုတ် သင့်ကလေး၏ တောင်းဆိုချက်အရ ဆောင်ရွက်ပေးသည့်လူကြီးက ကျောင်းထုတ်ခြင်းအပေါ် အယူခံဝင်နိုင်သည်။

အကယ်၍ အောက်ပါအကြောင်းများရှိသည်ဟု သင် ထင်မြင်ပါက သင်သည် သင့်ကလေးအား ကျောင်းထုတ်သည့် ကျောင်းအုပ်ကြီး၏ အမိန့်ကို အယူခံဝင်နိုင်သည် သို့မဟုတ် သင့်ကလေးအား အစိုးရကျောင်းအားလုံး မှကျောင်းထုတ်သည့် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ အမိန့်ကို အယူခံဝင်နိုင်သည်-

- ကျောင်းအုပ်ကြီး သို့မဟုတ် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌသည် မမှန်ကန်သော အချက်အလက်အပေါ် အခြေခံ၍ သင့်ကလေးအား ကျောင်းထုတ်ခဲ့သည်။ ဥပမာ၊ သင့်ကလေးသည် ၎င်းတို့ကျောင်း ထုတ်လိုက်သည့် အကြောင်းရင်းအချက်များကို မလုပ်ခဲ့ပါ။
- ကျောင်းသည် မှန်ကန်သော လုပ်ထုံးလုပ်နည်းကို မလိုက်နာခဲ့ပါ။ ဥပမာ၊ ကျောင်းသည် ကြားနာရန် စည်းဝေးပွဲကို မကျင်းပခဲ့ပါ။

# မိဘများနှင့် စောင့်ရှောက်သူများအတွက် ကျောင်းထုတ်ခြင်း အကြောင်းသိကောင်းစရာ

- ကျောင်းထုတ်ကာလ ကြာရှည်လွန်းသည်။ ဥပမာ၊ ကျောင်းထုတ်ကာလမှာ သင့်ကလေးအား လုံခြုံစွာ ကျောင်းပြန်တက်ရန် ပံ့ပိုးမှုအတွက် ချမှတ်ရန် ကျောင်းမှလိုအပ်သည့်ကာလထက် ပိုမိုကြာရှည်လွန်းသည်
- ကျောင်းထုတ်သည့် စည်းကမ်းချက်များမှာ သင့်ကလေး၏ လိုအပ်ချက်များနှင့် မကိုက်ညီပါ။

သင့်ကလေးအား ကျောင်းထုတ်ခြင်းအပေါ် အယူခံဝင်သည့် လုပ်ငန်းဖြစ်စဉ်ကို ကြားနာရန် စည်းဝေးပွဲ၌ သင့်အား ရှင်းပြရမည်။ ကျောင်းသည် သင့်အား အယူခံပုံစံကို ပေးပါမည်။

အကယ်၍ သင့်ကလေးအား ကျောင်းထုတ်သည့် ကျောင်းအုပ်ကြီး၏ ဆုံးဖြတ်ချက်ကို အယူခံဝင်ရန် သင်ဆုံးဖြတ်ပါက ကြားနာရန် စည်းဝေးပွဲလုပ်ပြီး ကျောင်းဖွင့်ရက် ၁၀ ရက်အတွင်း အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌထံ ထိုပုံစံကို တင်သွင်းရမည်။

အကယ်၍ အစိုးရကျောင်းအားလုံးမှ သင့်ကလေးအား ကျောင်းထုတ်သည့် အလုပ်အမှုဆောင်အဖွဲ့ ဥက္ကဋ္ဌ၏ အမိန့်ကို အယူခံဝင်ရန် သင်ဆုံးဖြတ်ပါက ကြားနာရန် စည်းဝေးပွဲလုပ်ပြီး ကျောင်းဖွင့်ရက် ၁၀ ရက်အတွင်း ပညာရေး ဝန်ကြီးထံ ထိုပုံစံကို တင်သွင်းရမည်။

## ပိုမိုသိရှိရန်အတွက် ဆက်သွယ်ရမည့်အသေးစိတ်အချက်များ

ကျောင်းထုတ်ခြင်းနှင့် အယူခံဝင်ခြင်း လုပ်ငန်းဖြစ်စဉ်အကြောင်း အောက်ပါအတိုင်း သင်ပိုမိုသိရှိနိုင်သည်-

- သင့်ဒေသခံ ပညာရေးရုံးကို ဆက်သွယ်ခြင်း
- ပညာရေး ဌာန ဖုန်း ၈၂၂၆ ၁၀၀၀ သို့ဖုန်းခေါ်ဆိုခြင်း
- ပညာရေးဌာန ဝက်ဘ်ဆိုက် https://www.education.sa.gov.au/

  တွင် ဝင်ရောက်၍ 'exclusion' ကိုရှာပါ။

## ထပ်ဆင့် ပံ့ပိုးမှုများ

ထပ်ဆင့်အပို ပံ့ပိုးမှုအတွက် သင် မိဘ အကူအညီဖုန်းလိုင်း ဖုန်း ၁၃၀၀ ၃၆၄ ၁၀၀ (၂၄ နာရီ ဝန်ဆောင်မှု) ကိုဆက်သွယ်နိုင်သည်။

အကယ်၍ သင့်ကလေးသည် တစ်စုံတစ်ယောက်နှင့် စကားပြောဆိုရန် လိုအပ်ပါက အောက်ပါတို့ကို ဆက်သွယ်ရန် အားပေးပါ-

- Headspace

  အသက် ၁၂ နှစ်မှ ၂၅ နှစ် အရွယ် ကလေးများနှင့် လူငယ်များအား စိတ်ကျန်းမာရေး ပံ့ပိုးမှု ဖုန်း- ၁၈၀၀ ၆၅၀ ၈၉၀

- Kids Helpline

  အသက် ၅ နှစ်မှ ၂၅ နှစ်အရွယ် ကလေးများနှင့် လူငယ်များအတွက် သက်တူရွယ်တူ ပံ့ပိုးမှု၊ ကိုယ်တိုင် ကြည့်ရှုနိုင်သည့် ရင်းမြစ်များနှင့် ဖုန်းနှင့်ဖြစ်စေ အွန်လိုင်းဖြင့်ဖြစ်စေ ဖြေသိမ့်ဆွေးနွေးပေးမှု ဖုန်း- ၁၈၀၀ ၅၅ ၁၈၀၀